# မာတိကာ


- အမှတ်တရအဖွင့်စာ၊ သို့မဟုတ် ဂါရဝါစတောင်းပန်စာ (က)
- Disclaimer (ဂ)

၁။ ပူတာအို၊ သို့မဟုတ် အိပ်မက်ရပ်ဝန်း ၁
၂။ ငွေတောင်ပြည်သွားတောလား ၁၅
၃။ သဘာဝရဲ့ရင်သွေးတို့ဌာနေ ကရင်မြေ ၃၇
၄။ တက်တူးမျက်နှာပိုင်ရှင်တို့ရဲ့အိမ်၊ သို့မဟုတ် တောင်ဇလပ်တို့ရဲ့မြေ ၅၁
၅။ ဆန်းကျယ် လွမ်းဖွယ် ရာမညမြေ ၇၁
၆။ သာစွဌာနီ ရခိုင်ပြည် ၈၅
၇။ ချစ်ခြင်းကဗျာ အိပ်မက်ရွာ၊ သို့မဟုတ် သီပေါ ၁၀၉
၈။ အိပ်မက်ဆန်သော ပုံပြင်ကလေးများ၊ သို့မဟုတ် ရှမ်းမြောက်က မြို့ကလေးများ (လားရှိုး၊ နမ္မတူ၊ သိန္နီ၊ မိုင်းရှူး) ၁၂၉
၉။ အမေ့လျော့ခံ အရိုင်းပန်းတစ်ပွင့်၊ သို့မဟုတ် လောက်ကိုင် ၁၄၇
၁၀။ ရှမ်းတောင်ပိုင်းရဲ့ ဒိုင်ယာရီ (အင်းလေး၊ မွေတော်ကက္ကူဘုရား) ၁၆၇
၁၁။ မြူခြေရစ်သိုင်း နှင်းပန်းဝေ ကလောမြို့နဲ့ ဓနုမြေ (ကလောမြို့၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ) ၁၇၉
၁၂။ နံ့သာမွှေးမြပန်းတစ်ခက်ပမာ အညာကျေးက မန္တလာ ၁၈၉
၁၃။ ကြီးမြတ်သောအမွေ ပုဂံမြေ ၂၀၅
၁၄။ မြတ်နိုးသော ကဗျာရှည် မြို့စလေ ၂၁၉
၁၅။ ချစ်ခြင်းရင်ခုန် မြို့ရန်ကုန် ၂၂၇
၁၆။ လွမ်းငွေ့ဝေသီ ငွေဆောင်ဆီ ၂၄၅
၁၇။ ချိုသောအိပ်မက်များ၊ သို့မဟုတ် တနင်္သာရီရဲ့ မြို့ကလေးများ (ထားဝယ်၊ မြိတ်) ၂၆၃
၁၈။ သွားရောက်လေ့လာ ထူးလှစွာ အညာမြေရဲ့ရတနာ (မင်းကွန်း၊ အင်းဝ၊ မဟာဂန္ဓာရုံ) ၂၈၁
၁၉။ ပျူမြို့ဟောင်းများဆီသို့ အလည်တစ်ခေါက် (ဟန်လင်း၊ သရေခေတ္တရာ၊ ဗိဿနိုး) ၂၉၉
၂၀။ ယဉ်လှတင့်စွာ ဆံရစ်ဝိုင်းစာ (ခံစပ်ကုန်းကျေးရွာ၊ စက်စက်ယိုကျေးရွာ) ၃၂၃


■

# အမှတ်တရအဖွင့်စာ၊ သို့မဟုတ် ဂါရဝါစတောင်းပန်စာ

အမှတ်တရဆိုတာ အမှတ်ရစရာလေးတွေ တယုတယ စုစည်းထားတာမျိုးပါ။ ဒီစာအုပ်ကလေးထဲမှာ ကျွန်မရဲ့ငယ်ဘဝ ကျောင်းသူအမှတ်တရတွေ၊ မိသားစု အမှတ်တရတွေ၊ သူငယ်ချင်းမိတ်ဆွေ၊ လုပ်ဖော်ကိုင်ဖက် အမှတ်တရတွေ၊ ချစ်ရသူနဲ့ အမှတ်တရတွေ... အထူးအားဖြင့် ခရီးသွားအမှတ်တရတွေ တစ်ဝကြီး စုစည်းထားပါတယ်။ ကျွန်မက ခရီးသွားရခြင်းကို အရွယ်ရောက်လို့ ကိုယ့်ခြေထောက်ပေါ်ကို ရပ်တည်နိုင်ချိန်မှာမှ ရင်းနှီးခဲ့ရခြင်း မဟုတ်၊ ကလေးဘဝအရွယ်ကတည်းက ကျောင်းအားလပ်ရက်များမှာ ဖေဖေနဲ့အတူ ရက်တို၊ သို့မဟုတ် ရက်ရှည် ခရီးများ ထွက်နေကျ။ အဲ့ဒီကာလများကတည်းက ခရီးသွားလာလည်ပတ်ရခြင်းကို ဝါသနာထုံတဲ့အကျင့်ဟာ ကျွန်မရဲ့အသွေးအသားထဲ စိမ့်ဝင်နေခဲ့တာပါ။ ခရီးသွားရတာဟာ ကျွန်မအတွက်တော့ အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားတစ်ကားကို အကြိုက်ဆုံးအစားအသောက်တွေ စားသောက်ရင်း ထိုင်ကြည့်နေရတဲ့ အရသာလိုမျိုးကို ကြိုက်တာ။ တစ်ယောက်တည်းပဲ ဖြစ်ဖြစ်၊ အဖော်အပေါင်းနဲ့ပဲဖြစ်ဖြစ် ခရီးထွက်တဲ့အခါတွေတိုင်း ဒေသအစားအစာတွေ မဖြစ်မနေစားတယ်၊ ဒေသရဲ့အထင်ကရ နေရာများသာမက လူသူသိပ်ပြီး မထိတွေ့ရသေးတဲ့ Hidden Places လို နေရာမျိုးတွေကိုပါ ရှာဖွေလည်ပတ်တယ်၊ ဒေသန္တရဗဟုသုတတွေကိုတော့ အများဆုံးရှာမှီး ဖြစ်ခဲ့တာပေါ့။ ဒီစာအုပ်ကလေးဟာ ကျွန်မရဲ့ မြန်မာနိုင်ငံ ခေါင်းအဖျားကစလို့ ခြေအဆုံးထိ သွားရောက်လည်ပတ်ခဲ့ရာ အကြောင်းအရာများကို ဓာတ်ပုံလေးများနဲ့တကွ ခရီးသွားမှတ်တမ်းတစ်ခုအဖြစ် ဖော်ပြထားတာပါ။ ရောက်ရှိခဲ့တဲ့နေရာရဲ့ဒေသဆိုင်ရာ သမိုင်းကြောင်းနဲ့ သိမှတ်စရာများကိုလည်း အလျဉ်းသင့်သလို ထည့်သွင်းဖော်ပြထားပါတယ်။ ခရီးသွားခြင်းကို ဦးစားပေးရေးထားတဲ့ စာအုပ်ကလေးဖြစ်လို့ သမိုင်းကြောင်းအစုံတော့ ပါချင်မှ ပါပါလိမ့်မယ်။ ပါးစပ်ပြောရာဇဝင်လေးတွေနဲ့ ပုံပြင်လေးတွေဆိုလည်း ဒေသခံတွေဆီကပဲ မေးမြန်း၊ ကြားနာမှတ်သားခဲ့ပြီးနောက် မှတ်မှတ်ရရ လက်ဆင့်ကမ်းပေးတာမျိုးပါ။ ဒီနေရာမှာ ကျွန်မဟာ သမိုင်းနောက်ခံ အကြောင်းအရာများကို လေ့လာဖော်ထုတ်နေသော သမိုင်းသုတေသီတစ်ဦး မဟုတ်တဲ့ ခရီးသွားခြင်းကို ဝါသနာပါသူ ခရီးသွားဝါသနာရှင်တစ်ဦးမျှသာ ဖြစ်တာမို့ ကျွန်မ ရေးသားဖော်ပြပေးခဲ့တဲ့ သမိုင်းဖြစ်စဉ်လေးများနဲ့ ဒေသဆိုင်ရာ သိမှတ်ဖွယ် အချက်အလက်လေးများဟာ အလွဲအမှား တစ်စုံတစ်ရာ ပါရှိခဲ့ပါရင် (ပါရှိနေပါရင်) ချစ်တဲ့စိတ်နဲ့ ခံစားနားလည်ပေးကြပါစေလိုကြောင်းကို အမှတ်တရအဖွင့်စာလေးနဲ့တကွ စာချစ်သူအပေါင်းအား ဂါရဝါစ တောင်းပန်စာလေး ပါးလိုက်ရပါကြောင်း...

**Olivia**

(ခရီးသွားဝါသနာရှင်)

■